ပရိယတ် ပဋိပတ်ကိုသာ အားထုတ်ကြ”ဟု ဆရာက ခွင့်လွှတ်ထားလျှင်သာ အာပတ်မသင့်ဟု ဆိုသည်။

စုဒ္ဒသ ခန္ဓကဝတ် ပါဠိအနက် ပြီး၏။

## ဓုတင် တဆယ့်သုံးပါး ပါဠိအနက်

**ဓုတင်။** ။ကိလေသေ ဓုနာတီတိ ဓုတော=ကိလေသာတို့ကို ခါတွက်ဖျက်ဆီးတတ်သော ယောဂီပုဂ္ဂိုလ်သည် “ဓုတ”မည်၏၊ ဓုတဿ+အင်္ဂံ–ဓုတင်္ဂံ=ကိလေသာကို ခါတွက်ဖျက်ဆီးဘို့ရာ အကြောင်းအင်္ဂါဖြစ်သော ကုသိုလ်စေတနာသည် ဓုတင်္ဂ(ဓုတင်)မည်၏။

မှန်၏–တိစီဝရိက်ဓုတင်ဆောင်သော ပုဂ္ဂိုလ်သည် သင်္ကန်း ၃-ထည်မှ တပါး အပို မထားတော့သဖြင့် အပိုသင်္ကန်းကို လိုလားသော လောဘတဏှာ ကိလေသာကို ခါတွက်ဖျက်ဆီးနိုင်တော့၏၊ ကောသနိက် ဓုတင်ဆောင်သော ပုဂ္ဂိုလ်သည် တထပ်တည်းသာ စားတော့သဖြင့် အထပ်ထပ် စားလိုသော လောဘတဏှာ ကိလေသာကို ခါတွက်ဖျက်ဆီးနိုင်တော့၏။

ဤသို့ ကိလေသာကို ခါတွက် ဖျက်ဆီး၍ အပ္ပိစ္ဆတာ (ပစ္စည်း ၄-ပါးကို အပိုအမို မလိုလားသော)ဂုဏ်, သန္တုဋ္ဌိတာ (ရသမျှနှင့် မျှတ ရောင့်ရဲနိုင်သော)ဂုဏ်, သလ္လေခ (ပစ္စည်း ၄-ပါး၌ တဏှာလောဘ နည်းပါးအောင် ခြစ်ပစ်ကြောင်း) ဂုဏ်, ဤသို့ စသော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံစွာ ကိလေသာကို ခါတွက်ဖျက်ဆီးနိုင်ကြောင်း ကောင်းသော ဓုတင်